FGLLID

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းဖို့ အလေးထားလိုက်နာဆောင်ရွက်စို့



FGLLID

VISION ZERO FUND

International Labour Organization

EMBASSY OF DENMARK

# လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု



- အုပ်ချုပ်မှုပိုင်းနှင့် အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ပါက လုပ်ငန်းခွင် ထိခိုက်မှုများကိုလွယ်ကူစွာဖြင့် ကြိုတင်ကာကွယ်နိုင်သည်။
- အလုပ်ရှင်များသည် စက်ရုံတွင် ဘေးအန္တရာယ်ကင်းရှင်းမှု အဆင့်အလိုက် ကြိုတင်ကာကွယ်ရေးအစီအစဉ်နှင့် အန္တရာယ် အကဲဖြတ်ဆန်းစစ်မှုတို့ ပါဝင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အစိတ်အပိုင်းများကို ရှင်းလင်းတိကျသော မျှော်မှန်းချက်တစ်ရပ်အနေဖြင့် ချမှတ်ရမည်။ အလုပ်သမားအားလုံးအနေနဲ့ ၄င်းမျှော်မှန်းချက်နှင့် နည်းလမ်းများကို သေချာစွာသိရှိပြီးထိုအရာများကို နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများတွင်ပုံမှန်လိုက်နာဆောင်ရွက်ရမည်။




- ဘေးအန္တရာယ်များနှင့်ကျန်းမာရေးအန္တရာယ်များမှ ရှောင်ရှားနိုင်ရန် လုပ်ငန်းတစ်ခုချင်းစီ၏ အန္တရာယ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ ထိန်းချုပ်ကာကွယ်ခြင်းများကို စက်ရုံမှလေ့ကျင့်ပေးထားသော ကြီးကြပ်ရေးမှူးများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာကော်မတီနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအရာရှိတို့မှ လုပ်ဆောင်ရန်အတွက် အလုပ်ရှင်များမှ သေချာစွာ ပြုလုပ်ဆောင်ရွက်ရမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများတွင် အလုပ်သမားများသည် တက်ကြွစွာ ပူးပေါင်းပါဝင်စေရန် သေချာအောင် ပြုလုပ်ဆောင်ရွက်ရမည်။ အလုပ်သမားများအနေဖြင့် သူတို့လိုအပ်သည့်အခါ၌ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအရေးကြီးအချက်များကို သေချာစွာ ပြောဆိုဆွေးနွေးနိုင်ရန်အတွက် အလုပ်သမားများ၊ အုပ်ချုပ်မှုပိုင်းနှင့် ကြီးကြပ်ရေးမှူးများကြားတွင် ထိုဆက်ဆံရေးတစ်ရပ်ကို သေချာစွာတည်ဆောက်ရမည်။
- စက်ရုံတွင်ရှိသော ကျန်းမာရေးဆေးပေးခန်း၌ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ထင်သာမြင်သာ ရှိအောင် သေချာစွာ ထည့်သွင်းပေးထားရမည်။ အလုပ်မှတဆင့်ရရှိလာသော ဖျားနာမှု၏ ဖြစ်နိုင်ချေရှိသော စိုးရိမ်လက္ခဏာများကို သေချာစွာသတိပေးခြင်းနှင့် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများကို စီစဉ်ပေးရန် တစ်ဦးတစ်ယောက်ချင်းစီကို လေ့ကျင့်ပေးရပါမည်။
- လုပ်ငန်းဆောင်ရွက်ရာ၌ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်ရန် အလုပ်သမားအားလုံးကို သေချာစွာ လမ်းညွှန်ရမည့်အပြင် ထိုလမ်းညွှန်ချက်များကိုလည်း အမှန်တကယ် နားလည်သဘောပေါက်ရမည်။ လုပ်ငန်းရှိ ဘေးအန္တရာယ်ကို အထူးသတိပြုကာ ထိုအခြေအနေများမှတဆင့် လုပ်ငန်းခွင်ထိခိုက်မှုရရှိသည့် အခြေအနေသို့မရောက်ရှိစေရန် သေချာစွာကြိုတင်ကာကွယ်ရမည်။
- လုပ်ငန်းဆောင်တာများကို စစ်ဆေးရေးမှူးများ (သို့မဟုတ်) စာရင်းစစ်သူများစက်ရုံသို့ လာရောက်စစ်ဆေးချိန်တွင်သာ ဘေးအန္တရာယ် ကင်းရှင်းအောင် ပြုလုပ်ရန်မဟုတ်ဘဲ နေ့စဉ်အလုပ်တစ်ခုအားဖြင့် လုပ်ရိုးလုပ်စဉ်ဖြစ်ရန် သတိထားရပါမည်။
- လုပ်ငန်းခွင်တစ်ခုလုံး သန့်ရှင်းသပ်ရပ်ရေးအတွက် သေချာစွာ ပုံမှန်ဆောင်ရွက်ရမည်။ (ခန့်မှန်းတွက်ချက်မှုများ အရ လုပ်ငန်းခွင်ထိခိုက်မှုအားလုံး၏ ထက်ဝက်ခန့်သည် ခြေချော်လဲကျခြင်း၊ ခလုတ်တိုက်ခြင်းကြောင့်ဖြစ်သည်။)
- လုပ်ငန်းခွင်ထိခိုက်မှုများနှင့် ပက်သက်ပြီး သတင်းအချက်အလက်များကို သေချာစွာစုဆောင်းပြီး ပိုင်းခြားစိစစ်ကာ ထိုအတွေ့အကြုံ များမှတဆင့် ပြန်လည်သင်ယူပြီး လုပ်ငန်းခွင်ထိခိုက်မှုများ ပြန်လည်ဖြစ်ပေါ်နေခြင်းကို ကြိုတင်ကာကွယ်ရမည်။
- စက်ရုံတွင်အချက်အလက်ကောက်ယူစုဆောင်းပြီး လုပ်ငန်းခွင်ထိခိုက်မှုကို အစီရင်ခံစာတင်သွင်းခြင်း၊ ကြိုတင်ကာကွယ်ရေးအစီအစဉ်နှင့် အန္တရာယ်အကဲဖြတ်ဆန်းစစ်မှုများကိုအနီးကပ်ကြီးကြပ်မည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာကော်မတီ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်တစ်ခု၏အစိတ်အပိုင်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမန်နေဂျာ (သို့) အရာရှိ (သို့) ကြီးကြပ်ရေးမှူး (သို့) ညှိနှိုင်းရေးမှူးများ၏ တာဝန်များနှင့် ပက်သက်ပြီးပိုမိုသိရှိလိုပါက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေမှတဆင့် ဆွေးနွေးအကြံဉာဏ်ရယူရမည်။



# မီးဘေးအန္တရာယ်ကင်းရှင်းရေး



- မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း၊ သဘာဝဘေးအန္တရာယ်၊ လုပ်ငန်းခွင်ထိခိုက်မှုများ (သို့) အခြားအန္တရာယ်များ ဖြစ်ပေါ်ပါက အရေးပေါ်ကိစ္စရပ်များလုပ်ဆောင်ရန်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကိုသေချာစွာဖွဲ့စည်းထားရှိပြီးပုံမှန်လေ့ကျင့် သင်ကြားပေးရမည်။ ထို့နောက် အသင်းအဖွဲ့ဝင်များအတွက် လိုအပ်သော လုပ်ဆောင်ချက်များနှင့် ပက်သက်ပြီး သင်တန်းများကို သေချာစွာ ပေးအပ်ရမည်။

- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်များ ရေးဆွဲပြီး မီးငြိမ်းသတ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးကာ အစမ်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို ခြောက်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။

- အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက ဆေးဝါးကုသမှုကို လွယ်လင့်တကူခံယူရရှိနိုင်ရန်နှင့် မိုဘိုင်းဖုန်းကဲ့သို့ ဆက်သွယ်ရေးပစ္စည်းများကို ကြိုတင်စီစဉ်ထားရမည်။

- မီးလောင်မှုဖြစ်ပွားပါက မီးဘေးအန္တရာယ်လျှော့ချရန်အတွက် အလုပ်သမားအားလုံး ကြားသိနိုင်ရန်နှင့် ဖြေရှင်းနိုင်ရန် သေချာစွာ အလုပ်လုပ်သော အချက်ပေးစနစ်များနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများကို လုံလောက် သေချာစွာထားရှိရမည်။ အရေးပေါ်ထွက်ပေါက်များနှင့် ထွက်ပေါက်သွားလမ်းများအား အမြဲရှင်းလင်းထားရှိရန်နှင့် တံခါးများ အားသော့ခတ်ထားခြင်း၊ အသေပိတ်ထားခြင်းမရှိစေရ။

- လုပ်ငန်းပေါ်မူတည်၍ မီးလောင်မှုများနှင့် ပေါက်ကွဲမှုအမျိုးအစားအလိုက် မှန်ကန်သင့်တော်ပြီး အချက်ပြခြင်းရှိသော မီးသတ်ဆေးဗူးများကို သေချာစွာထားရှိရမည်ကို သတိပြုရပါမည်။




- အရေးပေါ်ထွက်ပေါက်များနှင့် ထွက်ပေါက်လမ်းကြောင်းများကို ပြသထားသော မြေပုံများကို မြန်မာဘာသာစကားနှင့် ထင်သာမြင်သာရှိသော အရောင်များဖြင့် သေချာရေးဆွဲ၍ထားရှိရပါမည်။

- ပေါက်ကွဲလွယ်သော မီးလောင်လွယ်သော ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျသေချာစွာ ထားသိုရမည်။



# လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး



- လျှပ်စစ်ဓါတ်အားသုံးကိရိယာများ၊ ထရန်စဖော်မာများနှင့် ဂျင်နရေတာများ စသည်တို့အတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းကို သေချာစွာဆောင်ရွက်ရမည်။
- သင့်တော်ကောင်းမွန်သော ချိတ်ဆက်မှုရရှိစေရန် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းကိရိယာအားလုံးကို သေချာစွာစစ်ဆေးရမည်ဖြစ်ပြီး ပျက်စီးနေသောပလပ်ခေါင်းများ၊ ပလပ်ပေါက်များ၊ ခလုတ်များနှင့်ပေါက်ပြဲနေသော မီးကြိုးများအစရှိသော ပျက်စီးယိုယွင်းနေသော ပစ္စည်းကိရိယာများကို အစားထိုးအသစ်လဲလှယ်ရပါမည်။
- လျှပ်စစ်စီးနေသော ပစ္စည်းကိရိယာအားလုံးကို လျှပ်စစ်ဓါတ်မစီးသောပစ္စည်းဖြင့် ကာကွယ်ထားသင့်သည်။
- လျှပ်စစ်နှင့်သက်ဆိုင်သော အလုပ်ကို တရားဝင်လေ့ကျင့်ပေးထားသော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသာ လုပ်ကိုင်ရန် သေချာစွာ ဆောင်ရွက်ရမည်။ စက်ရုံတစ်ရုံစီတွင် လေ့ကျင့်ပေးထားသော ကျွမ်းကျင်ဝန်ထမ်းများနှင့် ပက်သက်ပြီး သိရှိရန် DISI ၏ လျှပ်စစ်နှင့် သက်ဆိုင်သော စုံစမ်းစစ်ဆေးရေးဌာနမှ သိရှိရမည်။
- လျှပ်စစ်နှင့် ပက်သက်သော ပစ္စည်းကိရိယာများကို ပြုပြင်ထိန်းသိမ်းနေစဉ်အတွင်း လျှပ်စစ်အသုံးပြုကိရိယာများနှင့် ဝါယာကြိုးများကို ပုံမှန်အားဖြင့် ပိတ်ပစ်ခြင်းနည်းလမ်းများနှင့် အန္တရာယ်ပြအမှတ်အသားများကို နေရာတစ်ကျထားရှိနိုင်ရန်ဆောင်ရွက်မည်။

✔ လျှပ်စစ်သွယ်တန်းတပ်ဆင်ရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များကို သေချာစွာလိုက်နာဆောင်ရွက်ရမည်။

- ပေါက်ပြဲနေသော ဝါယာကြိုးများ မရှိစေရ။
- ပျက်စီးနေသော ပစ္စည်းကိရိယာများသည် ပြင်ဆင်ပြီးချိန်ထိ သေချာစွာ ဆားဗစ်အောက်ထားရပါမည်။
- လျှပ်စစ်ပစ္စည်းကိရိယာတစ်ခုချင်းအလိုက် Circuit Breakers များ၊ ခလုတ်များကို သေချာစွာ ခွဲခြားတပ်ဆင်ရမည်။
- လျှပ်စစ်ဓာတ်လိုက်မှုမရှိစေရန် မြေစိုက်ကြိုးစနစ်ကို သေချာစွာအသုံးပြုရမည်။
- စက်အဖွင့်/အပိတ်ခလုတ်များကို သိသာထင်ရှားစွာထားရှိပြီး လက်လှမ်းမှီသောနေရာတွင် သေချာစွာထားရှိရမည်။
- လျှပ်စစ်ခလုတ်ခုံများကို စနစ်တကျ သေချာစွာထားရှိရမည်။
- သင့်လျော်သော မီးသတ်ကိရိယာများ သေချာစွာရှိရမည်။ (ဥပမာ- Powder Foam မီးသတ်ဆေးဗူး)
- ယာဉ်သွားလမ်း၊ လျှောက်လမ်း၊ လူသွားစင်္ကြံကြမ်းပြင်များအပေါ်တွင် လျှပ်စစ်ဝါယာကြိုးသွယ်တန်း တပ်ဆင်ပါက လုံခြုံခိုင်ခံ့မှုရှိသော အကာအသုံးပြု၍ စနစ်တကျ သေချာစွာ သွယ်တန်းတပ်ဆင်ရမည်။
- လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲနေသော အလုပ်ခွင်ပတ်ဝန်းကျင်နှင့်လျှပ်စစ်ဝါယာကြိုးများအနီးတဝိုက်တွင် ရေစို၊ ရေဝပ်နေခြင်းမရှိစေရေး သေချာစွာ ဆောင်ရွက်ရမည်။






# စက်ကိရိယာများဘေးအန္တရာယ်ကင်းရှင်းရေး



- စက်ကိရိယာ မောင်းနှင်အသုံးပြုသူများအား အသုံးမပြုခင် စက်ကိရိယာများကို ကြိုတင်စစ်ဆေးခြင်းနှင့် ဘယ်လိုမျိုး မှန်မှန်ကန်ကန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရမလဲဆိုသည့်အပေါ် သိသင့်သိထိုက်သည်များကို သင်တန်းပေးခြင်း၊ ညွှန်ကြားချက်ပေးခြင်းနှင့် အသိပေးခြင်း အစရှိသည်တို့ကို ပြုလုပ်ဆောင်ရွက်ရမည်။
- စက်ပစ္စည်းကြီးများနှင့် စက်ရုံပစ္စည်းများကို သေချာစွာ ပုံမှန်ပြုပြင်ထိန်းသိမ်းရမည်။

  စက်ကိရိယာအနီးလုပ်ကိုင်သူများအတွက် လုံလောက်သော နေရာအကျယ်အဝန်းရရှိစေရန် သေချာစွာ ဆောင်ရွက်ရမည်။
- လည်ပတ်လှုပ်ရှားသည့် အစိတ်အပိုင်းများရှိသော ပိတ်ဖြတ်စက်၊ အပ်ချုပ်စက်၊ ကြယ်သီးရိုက်စက်၊ ယက်ကန်းစက်၊ ချည်ထိုးစက်(Knitting)၊ တံဆိပ်ရိုက်စက်၊ ဆေးရိုက်စက်၊ ပင့်စက် အစရှိသောစက်များတွင် လုံခြုံခိုင်ခံ့သည့် အကာအရံများ တပ်ဆင်ထားရှိပြီး အသုံးမပြုမီနှင့် အသုံးပြုနေစဉ်အတွင်း ကြီးကြပ်သူများက သေချာစွာစစ်ဆေးရမည်။
- လက်ရှိအသုံးပြုလျက်ရှိသော စက်ကိရိယာကြီး(သို့) စက်ကိရိယာအပေါ်မူတည်၍ သင့်တော်သော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းကိရိယာ(PPE)များ အသုံးပြုခြင်းနှင့် ပက်သက်ပြီး အလုပ်သမားအားလုံးကိုသင်တန်းပေးခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ ထောက်ပံ့ပေးခြင်းနှင့် သိသင့်သိထိုက်သည်များကို ပြောကြားခြင်းတို့ကို သေချာစွာပြုလုပ်ရမည်။
- အလုပ်သမားအားလုံးသည် အလုပ်မြန်မြန်ပြီးချင်ဇောအားဖြင့် တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းကိရိယာ(PPE)များ (သို့) စက်ပစ္စည်းအကာအရံများကို အသုံးပြုဖို့ရန် ရှောင်ရှားခြင်းမရှိရန် ကြီးကြပ်ရေးမှူးက ဆောင်ရွက်ရပါမည်။ အလုပ်လုပ်ကိုင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အလုပ်လုပ်ခြင်းကို ဦးစားပေးရပါမည်။

- အကယ်၍ စက်ပစ္စည်းကြီးပျက်စီးသွားပါက (သို့) လုံခြုံရေးစည်းကျိုးပေါက်သွားပါက အလုပ်သမားများအနေဖြင့် ကြီးကြပ်သူများကို အသိပေးအကြောင်းကြားသင့်သည်ဆိုသော အသိရှိရမည်ဖြစ်ပြီး ထိုသို့အသိပေးအကြောင်းကြားခွင့် အာဏာကိုလည်း အလုပ်သမားများကို သေချာစွာ ပေးအပ်ထားရမည်။



- ဖြစ်နိုင်ပါက စက်များကို အသုံးမပြုသည့်အချိန်တွင် ခလုတ်ကို လုံးဝပိတ်ထားရမည်။
- စက်ကိရိယာများ၊ အလုပ်စားပွဲ၊ သွားလမ်းလာလမ်း စသည်တို့ကို သန့်ရှင်းသပ်ရပ်စွာထားရှိပြီး စက်ဆီ၊ ချောဆီနှင့် အခြားယိုဖိတ်မှုများ မရှိစေအောင် သေချာစွာ ဆောင်ရွက်ရမည်။




- စက်အနီးဝန်းကျင်တွင် ယင်းစက်ပစ္စည်းများအသုံးပြုရန် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်နှင့် သတိပေးချက်များကို မြင်သာအောင် သေချာစွာ ကပ်ထားရမည်။
- အရေးပေါ်အခြေအနေတွင် စက်ကို အမြန်ဆုံးရပ်တန့်နိုင်ရန် အရေးပေါ်ခလုတ်များကို စက်မောင်းနှင်သူ လက်လှမ်းမှီသောနေရာများတွင် သေချာစွာ စီမံထားရှိရပါမည်။

# ဓါတုဘေးအန္တရာယ်ကင်းရှင်းရေး

- အလုပ်လုပ်ကိုင်နေစဉ်အတွင်း မိမိလုပ်ကိုင်အသုံးပြုနေသည့် အန္တရာယ်ရှိသော ပစ္စည်းများနှင့် ထုတ်ကုန်များဖြစ်သော အစွန်းချွတ်ခြင်း၊ ဆေးဆိုးခြင်းနှင့် အစက်အပျောက်ရှင်းလင်းခြင်း အစရှိသည်တို့ကို သိရှိပြီး မည်သည့်ပစ္စည်းက မည်မျှအန္တရာယ်ရှိသည်ကို အလုပ်ရှင်များကသိရှိပြီး အလုပ်သမားအားလုံးကို ရှာဖွေဆက်သွယ်ပြီး အသိပေးအကြောင်းကြား ပြောဆိုရမည်။
- အန္တရာယ်သင်္ကေတ အမှတ်အသားနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များ ဖတ်ရှုစစ်ဆေးခြင်းဖြင့် မည်သည့်ပစ္စည်းက မည်မျှအန္တရာယ်ရှိသည်ဆိုသည့် သတင်းအချက်အလက်များကို နိုင်ငံတစ်ကာ ဓါတုပစ္စည်း ဘေးအန္တရာယ်ကင်းရှင်းရေးကဒ်များ(ICSC) နှင့်/ သို့ပစ္စည်းကိရိယာများ ဘေးအန္တရာယ်ကင်းရှင်းရေး အချက်အလက် (MSDS) ကို ဖတ်ရှုပြီး အန္တရာယ်ရှိသော သင်္ကေတအမှတ်အသားကို သေချာစွာစစ်ဆေးပါ။
- ဓါတုပစ္စည်းများနှင့် အမှုန်အမွှား၊ အခိုးအငွေ့များ မည်ကဲ့သို့ ထိတွေ့နိုင်သည်ကို သိရှိထားရမည်။ (ဥပမာ-အသက်ရှုလမ်းကြောင်း၊ အစာလမ်းကြောင်း၊ အရေပြားမှတဆင့် ထိတွေ့ခြင်း) နှင့် ဖော်ထုတ်ခြင်းကို သေချာစွာထိန်းချုပ်ရမည့်အကြောင်းကို အလုပ်ရှင်များကသိရှိပြီး အလုပ်သမားအားလုံးကို ရှာဖွေဆက်သွယ်ပြီး အသိပေးအကြောင်းကြား ပြောဆိုရမည်။
- အလုပ်ရှင်များသည် အန္တရာယ်ရှိသောပစ္စည်းများကို ဘေးအန္တရာယ်ဖြစ်နိုင်ချေ အနည်းဆုံး ပစ္စည်းများနှင့် သေချာစွာ အစားထိုးရပါမည်။
- အကယ်၍ အန္တရာယ်ရှိသောပစ္စည်းများကို အသုံးပြုရန် လိုအပ်လာပါက အလုပ်ရှင်များသည် ထိုလုပ်ငန်းစဉ်များ (ဥပမာ-အစွန်းချွတ်ခြင်း၊ ဆေးဆိုးခြင်း)အတွက် လိုအပ်ပါက တတ်နိုင်သမျှ သီးသန့်ကာရံထားရမည်။ အခန်း၊ အဆောက်အအုံ စသည်တို့တွင် လုံလောက်သော လေကောင်းလေသန့်ဝင်စေရန် သေချာစွာ ပြုလုပ်ရမည်။ မလိုအပ်သော လုပ်ငန်းဆောင်တာများကို ရှောင်ရှားနိုင်ရန် အလုပ်နေရာကို သီးသန့်ထားခြင်းအားဖြင့် အခြား အလုပ်သမားများကို ထိတွေ့မှုမရှိစေရန် ထိုသို့ ပတ်ဝန်းကျင်ညစ်ညမ်းစေနိုင်သည့် အလုပ်မျိုးကို သီးသန့်ခွဲခြားထားရမည်။
- အလုပ်သမားအားလုံးသည် အသက်ရှူကိရိယာများ(ဥပမာ-ကာဗွန်နှာခေါင်းစည်း)၊ မျက်စိအကာနှင့် လက်အိတ်များကဲ့သို့သော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများ အသုံးပြုရမည်။





- အလုပ်ရှင်များသည် ဓာတုပစ္စည်းများကို စနစ်တကျ သိုလှောင်ထားရှိရမည်ဖြစ်ပြီး စွန့်ပစ်ရာတွင်လည်း စနစ်တကျ သေချာစွာ စွန့်ပစ်ရမည်။
- အလုပ်ရှင်များသည် စက်ရုံ၌ ဓါတုပစ္စည်းများနှင့် နီးနီးကပ်ကပ်အလုပ်လုပ်ရသောနေရာ၌ လက်ဆေးဘေစင်၊ မျက်လုံးဆေးကြောသည့်နေရာ၊ အရေးပေါ်ရေချိုးနိုင်သည့်နေရာတို့ကို သေချာစွာ စီစဉ်ပေးရမည်။
- အလုပ်သမားများအနေဖြင့် လက်အိတ်များကိုအသုံးပြုသည့်အခါ အောက်ဖော်ပြပါအချက်များသည် အရေးကြီးပါသည် -
  - ကောင်းမွန်သည့် ပျက်စီးမှုမရှိသော၊ လုံခြုံသော လက်အိတ်ကိုသာ သုံးရမည်။ ထိုလက်အိတ်သည် အရည်စုပ်ယူခြင်းမရှိသော အကျီသားနှင့် ချုပ်ထားရမည်ဖြစ်ပြီး ရေစိုခံနိုင်ကာ ဓါတုပစ္စည်းများကို ကိုင်တွယ်အသုံးပြုသည့်အခါ၌ သင့်တော်မှုရှိရမည်။
  - လက်အိတ်ပေါက်မနေသော်လည်း ပျော်ဝင်ပစ္စည်းများနှင့် အခြားပစ္စည်းများသည် အတွင်းသို့ စိမ့်ဝင်နိုင်သည်ကို သတိပြုပါ။
  - အတွင်းဘက် သန့်ရှင်းခြောက်သွေ့သော လက်အိတ်များကိုသာ အသုံးပြုရမည်။
  - ချွေးစားခြင်း (သို့) စစ်ဆေးထားပြီးသော ဓါတုပစ္စည်းများသည် အရေပြားကို ယားယံစေသည့်အတွက် လိုအပ်သည့်အချိန်ထက် အိတ်ကို ကြာမြင့်စွာ အသုံးမပြုရ။
  - အကယ်၍ ရော်ဘာဖြင့် ပြုလုပ်ထားသော လက်အိတ်များကို အသုံးပြုသောအခါ ရော်ဘာစေးအမှုန့် သေချာစွာ ကင်းစင်သော လက်အိတ် ဖြစ်ရပါမည်။ လက်အိတ်များတွင် ရော်ဘာစေးအမှုန့် မကင်းစင်ပါက ရော်ဘာစေးကြောင့်ဖြစ်သည့် ယားယံမှုအန္တရာယ်များကို ခံစားရနိုင်သည်။ နေရာတော်တော်များများအတွက် ပေါင်းစပ်ဖွဲ့စည်းထားသော ရော်ဘာလက်အိတ်များကို အသုံးပြုနိုင်သည်။
  - အကယ်၍ အလုပ်ထဲ၌ မကြာခဏ အကြိမ်ပေါင်းများစွာ လက်ဆေးနေရပါက လက်နှစ်ဖက်လုံးကို ရေအေးနှင့် ဆေးသင့်ပြီး ပဝါဖြင့် ခြောက်သွေ့အောင် သေချာကောင်းမွန်စွာ သုတ်သင့်ပါသည်။ ရေနွေးဖြင့်ဆေးကြောခြင်းသည် အရေပြားယားယံမှုများကို ဖြစ်နိုင်ခြေအလွန်များပါသည်။
  - ဓါတုပစ္စည်းများနှင့် အလုပ်လုပ်သည့်အခါ အလုပ်ထဲ၌ လက်ပတ်နာရီ (သို့မဟုတ်) လက်စွပ်များကို ဝတ်ဆင်ခြင်းမှ ရှောင်ရှားရပါမည်။ နာရီများနှင့် ရတနာများသည် လက်အိတ်များကို ပေါက်ပြဲစေပြီး စိုစွတ်မှုကို ဖြစ်ပေါ်စေသည်။





# အလုပ်လုပ်ရသောပတ်ဝန်းကျင်အနေအထား

## က။ အပူ၊ အအေး ပမာဏ

- စက်ရုံ၌ အကျိုးရှိသည့် လေကောင်းလေသန့်ဝင်စေသည့် စနစ်များကို သေချာစွာ တပ်ဆင်ထားရမည်။ နိုင်ငံတကာ အတွေ့အကြုံအရတော့ ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးမြင့်စေကြောင်း တွေ့ရှိရသည်။

- အလုပ်သမားအားလုံးသည် သန့်ရှင်းသော သောက်ရေသန့်ကို အဆက်မပြတ်သောက်သုံးပေးရန်နှင့် သောက်ရေရရှိရန်အတွက် အခက်အခဲမရှိစေရပါ။



## ခ။ လူနှင့်အလုပ်သဟဇာတဖြစ်ရေး(Ergonomics) နှင့် အမြင့်နေရာများတွင်အလုပ်လုပ်ကိုင်ရခြင်း



- ထိုအထောက်အကူပစ္စည်းများ၏ အသုံးပြုမည့် လမ်းကြောင်းများကို ထင်ရှားသော အမှတ်အသားဖြင့် လမ်းကြောင်းဆွဲထားရမည်ဖြစ်ပြီး အတားအဆီးများမရှိစေရေး စီမံထားရမည်။ ထိုမှသာ ပစ္စည်းများကိုသယ်ယူသော အလုပ်သမားများအနေဖြင့် ခြေခေါက်လဲခြင်း အန္တရာယ်မှ သေချာစွာ လျှော့ချနိုင်မည်ဖြစ်သည်။

- အလုပ်သမားအားလုံးသည် စက်ကိရိယာကြီးများ၏ အကူအညီဖြင့် လေးပင်သော ပစ္စည်းများကို သေချာစွာ မ တင်ရမည်။

- အကယ်၍ အလုပ်သမားအားလုံးသည် လေးပင်သော ပစ္စည်းများမဖို့လိုသည့်အခါ၌ ကျောကုန်း၊ လည်ပင်းနှင့် ပုခုံးများကို ဒဏ်ဖြစ်စေခြင်းမှ ကြိုတင်ကာကွယ်ရန်အတွက် အလုပ်သမားအားလုံးသည် ပုခုံးအထက်အနေအထား (သို့မဟုတ်) ဒူးအောက် အနေအထားဖြင့် ပစ္စည်းများကို သယ် မ ခြင်းမပြုလုပ်ရန် သေချာစွာ သတိပေးရမည်။

- ကျောကုန်းဘက်တွင် ဒဏ်ဖြစ်စေခြင်းမှ ကြိုတင်ကာကွယ်ရန်အတွက် လေးပင်သော ပစ္စည်းမစဉ်အခါ၌ အလုပ်သမားအားလုံးသည် ခါးကိုင်း၍မခြင်း၊ ခါးလှည့်၍မခြင်း စသော အပြုအမူများကို သေချာစွာ ရှောင်ကျဉ်ရမည်။

- အလုပ်သမားအားလုံးသည် လူအများစု၏ မ ခြင်းကို တတ်နိုင်သမျှ ရှောင်ရမည်ဖြစ်ပြီး သင့်တော်သော စက်ပစ္စည်း တစ်ခုခုကို အစားထိုး အသုံးပြုရပါမည်။
- အလုပ်သမားများ သက်တောင့်သက်သာရှိစေရန်အတွက် ကျောမှီပါသော ထိုင်ခုံများဖြင့် အလုပ်နေရာများကို သေချာစွာ ဖန်တီးပေးရမည်။ မတ်တပ်ရပ်၍သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း အလုပ်လုပ်ရာ၌ အလုပ်သမားတစ်ယောက်၏ အရပ်အမောင်း အနိမ့်အမြင့်အလိုက် ကျောမှီပါသော ထိုင်ခုံအလုပ်နေရာများကို သင့်တော်သလို ဆောင်ရွက်စီမံနိုင်ရန်အတွက် ကြီးကြပ်သူများအနေဖြင့် ပုံမှန်စစ်ဆေးခြင်းကို ပြုလုပ်ဆောင်ရွက် ရပါမည်။
- အလုပ်သမားများကို ကြမ်းပြင်ပေါ်တွင်ထိုင်ပြီး အလုပ်မလုပ်ခိုင်းရန်နှင့် မတ်တပ်ရပ်ပြီး အလုပ်လုပ်ရသော အလုပ်သမားများသည် မောပန်းနွမ်းနယ်မှုကို သက်သာစေသော ဖျာများဖြင့် အနားယူခွင့်ရရှိနိုင်ရန်အတွက် သေချာစွာ ပြုလုပ်ဆောင်ရွက်ပေးရမည်။
- ကန့်သတ်ထားသော အလုပ်လုပ်သည့်ပုံစံများနှင့် ရွေ့လျားမှုများမပါဘဲ စက်ပစ္စည်းကြီးများ/ စက်ကိရိယာများကို အလုပ်သမားသည် အဆင်ပြေလွယ်ကူစွာ လည်ပတ်နိုင်ရန် သေချာစွာ ဆောင်ရွက်ရမည်။
- အလုပ်လုပ်ရန် လုံလောက်သော အကျယ်အဝန်းရှိသည့် အလုပ်နေရာကို သေချာစွာ စီမံထားရမည်။
- မှန်ကန်သော အလုပ်လုပ်ကိုင်ပုံနည်းလမ်းနှင့် အထောက်အကူပြုပစ္စည်းများကို မှန်ကန်စွာ အသုံးပြုတတ်စေရန် အလုပ်လုပ်သူအားလုံးကို သေချာစွာ လေ့ကျင့်သင်ကြား ညွှန်ကြားထားရမည်။
- ကြာရှည်လုပ်ကိုင်ရခြင်း၊ ထပ်ခါတလဲလဲကြိမ်ဖန်များစွာ လုပ်ကိုင်ရခြင်းကြောင့် ကိုယ်လက်ပင်ပန်းနွမ်းနွယ်မှုကို ဖြေလျော့ရန်နှင့် အရိုးအကြောဆိုင်ရာ ရောဂါများမဖြစ်ပွားစေရန် အလုပ်နားချိန်ပေးခြင်းနှင့် အကြောလျှော့ လေ့ကျင့်ခန်းလုပ်ချိန်(Small Break)များကို အလုပ်သမားအားလုံးကို ပေးရန်အတွက် သေချာစွာဆောင်ရွက်ရမည်။
- အလုပ်သမားအားလုံးကြားထဲတွင် အခြားအလားတူ အလုပ်အမျိုးအစားကို ပြောင်းလဲလုပ်ကိုင်စေခြင်းအားဖြင့် ရုပ်ပိုင်း(ခန္ဓာကိုယ်ပိုင်း)ဆိုင်ရာ အနားယူခြင်းကို ပေးအပ်ရပါမည်။
- ဘေးအကာလက်ရန်းပါပြီး ရွှေ့ပြောင်းလို့ရသောလှေကားများကို အလုပ်သမားများအတွက် သေချာစွာထောက်ပံ့ ထားပေးရပါမည်။
- စင်ပြိုလဲခြင်းမှ ရှောင်ရှားရန်အတွက် စင်များကို စနစ်တကျ အန္တရာယ်ကင်းစွာစီထားရန်နှင့် လှေကားများကိုလည်း သေချာစွာ ပြုပြင်ထားပြီး အန္တရာယ်မရှိ အောင်ထားရမည်။





## ၇။ ဆူညံသံများ



- စက်ရုံတွင် ဆူညံမှုအဆင့်ပမာဏကို သေချာစွာတိုင်းတာပြီး ဆူညံသံများကို ကြိုတင်ကာကွယ်ရန်အတွက် အကဲဖြတ်သည့် စကေးများနှင့် ဖြစ်နိုင်ချေရှိသော ကျန်းမာရေးအန္တရာယ်များနှင့် ပက်သက်ပြီး အလုပ်သမား အားလုံးကိုသေချာစွာ ညွှန်ကြားထားပြီး အသိပေးအကြောင်းကြားရမည်။
- အချိန်တို၍ ကျယ်လောင်စွာ ထွက်ပေါ်လာသောအသံ (ရုတ်တရက်ထွက်ပေါ်လာသောအသံ)ကို အလုပ်သမား များအနေဖြင့် သေချာစွာ ရှောင်ရှားရပါမည်။
- မလိုချင်သော (အနှောက်အယှက်ပေးသည့်) အသံကို တတ်နိုင်သမျှ လျှော့ချရန် သေချာစွာ ဆောင်ရွက်ရမည်။
- ဆူညံသံနှင့် ထိတွေ့ပြီး အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်မှုများကို လျှော့ချနိုင်ရန် အကဲဖြတ် စစ်ဆေးခြင်းများကို သေချာစွာ ပြုလုပ်ဆောင်ရွက်ရမည်။
- ဥပမာအားဖြင့် စက်အဖုံးဟနေခြင်း (သို့မဟုတ်) မူလီချောင်နေခြင်းတို့ကြောင့် ထွက်ရှိသည့် ဆူညံသံကိုလျှော့ချ နိုင်ရန် အနှောက်အယှက်ပေးသည့် ဆူညံသံလာရာရင်းမြစ်ကို သေချာစွာ ရှာဖွေဆန်းစစ်ပြီး စုံစမ်းစစ်ဆေးရမည်။
- အလုပ်ကို စနစ်တကျစုစုစည်းစည်းနှင့် သေချာစွာ ဖွဲ့စည်းလုပ်ကိုင်ခြင်းကြောင့် ဆူညံသံနှင့် ထိတွေ့မည့် အလုပ်သမားဦးရေကို တတ်နိုင်သမျှ လျှော့ချနိုင်မည်ဖြစ်သည်။
- ဆူညံသံနှင့် ထိတွေ့သည့် အလုပ်သမားတစ်ယောက်ချင်းစီအတွက် အလုပ်ချိန်ကို တတ်နိုင်သမျှ သေချာစွာ လျှော့ချပြီး ဆူညံသံကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သော အကြားအာရုံချို့တဲ့ခြင်းကို လျှော့ချ နိုင်ရန် သင့်တော်သော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးထားရပါမည်။
- ဂျင်နရေတာများ၊ ဘွိုင်လာများနှင့် အဝတ်လျှော်စက်များကဲ့သို့ ဆူညံသံထွက်သည့် စက်ပစ္စည်းများ အနီးတဝိုက် တွင် ဆူညံသံစုပ်ယူသည့် ပစ္စည်းများကို သေချာစွာ တပ်ဆင်ထားရမည်ဖြစ်ပြီး ဆူညံသံထွက်သည့် စက်ပစ္စည်း များကို အလုပ်ခွင်နေရာ နှင့်သော်လည်းကောင်း၊ ဆူညံသောအလုပ် နှင့် ဆူညံသံမထွက်သောအလုပ် တို့ကို လည်းကောင်း သီးခြားစီ ကာရံထားရမည်။
- စက်ပစ္စည်းကိရိယာများ အသစ်ဝယ်ယူသောအခါ ဆူညံသံထွက်ရှိမှု နည်းပါးသော စက်ပစ္စည်းကိရိယာကိုသာ သေချာစွာ ဦးစားပေး ဝယ်ယူအသုံးပြုပါ။

- ဆူညံသံထွက်သည့် စက်ပစ္စည်းများအတွက် ဆူညံသံလျော့နည်းစေသည့် အဖုံးများ (အသံထိန်းအဖုံး/အကာ) များကို သေချာစွာ တပ်ဆင်ရပါမည်။
- အဆောက်အအုံနှင့် ဖွဲ့စည်းတည်ဆောက်ပုံကို သက်ရောက်မှုမရှိစေရန် အသုံးပြုသည့်စက်များကို နားလည်သူက စစ်ဆေး၍ နပ်ကြပ်ခြင်း၊ လိုအပ်ပါက စက်အောက်ခြေတွင် တုန်ခါမှုထိန်းပစ္စည်းကို သေချာစွာထားရှိရမည်။
- စက်ပစ္စည်းများကို စနစ်တကျ သေချာစွာ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ ချောဆီထည့်ခြင်း၊ ချိန်ညှိခြင်းနှင့် စက်အစိတ်အပိုင်းတစ်ခုစီတိုင်းကို သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့သည် ၄င်းစက်များကထွက်သည့် ဆူညံသံကို လျော့ကျစေသည်။
- ဆူညံသံ အနည်းဆုံးဖြစ်ရန် ယက်ကန်းလွန်းများအတွက် လွန်းလွင့်စင်မှုကာကွယ်ရန် ယက်တန်းနှင့် လွန်းထိသည့် နေရာကို သေချာစွာ ပတ်ကာထားရပါမည်။
- ယက်ကန်းစက်များတွင် ဆူညံသံလျော့စေသည့် အဖုံးများ (အသံထိန်းအဖုံး/အကာ)များ တပ်ဆင်ခြင်းဖြင့် ယင်းစက်များက ထွက်သည့် ဆူညံသံကို လျော့ကျစေရန် သေချာစွာ ဆောင်ရွက်ရမည်။
- မျက်နှာကျက်နှင့် မာကျောသောနံရံတွင် အသံစုပ်ပစ္စည်းများကို သေချာစွာ တပ်ဆင်ရပါမည်။
- စက်ပစ္စည်းများမှထွက်သည့်ဆူညံသံများကျယ်ဝန်းမသွားစေရန်အတွက်အဖုံးများ၊အကာများနှင့်အချပ်အပြားများကိုသေချာစွာစစ်ဆေးရပါမည်။
- ရော်ဘာစွပ်များကဲ့သို့အသံစုပ်၊အသံလုံစက်ပစ္စည်းကိရိယာများကိုသေချာစွာတပ်ဆင်ပြီးဆူညံသည့်စက်အသံကိုလျှော့ချရပါမည်။
- လေ/ဓါတ်ငွေ့အားပေးစက်များ(Compressors)ကိုသီးသန့်အခန်း(သို့မဟုတ်)အခန်းအပြင်တွင်သေချာစွာထားခြင်းဖြင့် ၄င်းတို့ကထွက်သည့် အသံကို ဖယ်ထုတ်လျှော့ချရပါမည်။
- အခြားသော အကြောင်းအရာများကြောင့် ဆူညံသံကို မလျှော့ချနိုင်ပါက အလုပ်ရှင်များက သင့်တော်သော နား အကာအကွယ်ပစ္စည်းများကို သေချာစွာ ထားရှိပေးရပါမည်။
- အန္တရာယ်ရှိသော ဆူညံသံနှင့် ထိတွေ့ထားပြီး ၄င်းအကြောင်းကို သိရှိထားသော အလုပ်သမားများအတွက် ဆေးပညာနှင့်ဆိုင်သော စာမေးပွဲနှင့် ကာလအပိုင်းအခြားလိုက် ပြုလုပ်သောစာမေးပွဲများကို ကြိုတင်အလုပ်တာဝန်အဖြစ် ပေးအပ်ခြင်း ပြုလုပ်ရပါမည်။ ထိုအကဲဖြတ်ဆန်းစစ်ခြင်းများအားလုံးသည် အလုပ်သမားများအတွက် အခမဲ့ဖြစ်ပါသည်။



# ဃ။ ကျန်းမာရေး နှင့် သက်သာချောင်ချိရေး အထောက်အပံ့ပစ္စည်းများ



- အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် လုပ်ငန်းခွင်တွင် သင့်လျော်သောအစီအမံများကို သေချာစွာ ဆောင်ရွက်ပေးရပါမည်။ (ဥပမာ-ဆေးစစ်ပေးခြင်း၊ ကျန်းမာရေးဆေးပေးခန်း၊ ရှေးဦးသူနာပြုဆေးသေတ္တာထားရှိပေးခြင်း)
- ရှေးဦးသူနာပြုပစ္စည်းကိရိယာများနှင့် သက်ဆိုင်သောပစ္စည်းများသည် လေ့ကျင့်ပေးထားသော ရှေးဦးသူနာပြု၏ ကြီးကြပ်မှုအောက်တွင်သာ သေချာစွာရှိနေရပါမည်။
- အလုပ်သမားအားလုံးကို ရှေးဦးသူနာပြုစုနည်းသင်တန်းများကို အခါအားလျော်စွာ တက်ရောက်နိုင်ရန်အတွက် သေချာစွာ တိုက်တွန်းရပါမည်။
- လုပ်ငန်းခွင်ထိခိုက်မှုများနှင့်ပက်သက်ပြီး မန်နေဂျာအားလုံးသည် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနသို့ သတင်းပေးပို့ရမည်။ ထို့နောက် လူမှုဖူလုံရေးအဖွဲ့ကိုဆက်သွယ်ပြီး အလုပ်သမားအားလုံးအတွက် လူမှုဖူလုံရေးဆေးခန်း၌ ဆေးကုသမှုခံယူခွင့်ကိုတောင်းခံပြီး ကုန်ကျစရိတ်ကို စာရွက်စာတမ်းနှင့်တကွ ပြန်လည်ရယူနိုင်ပါသည်။
- သန့်ရှင်းစင်ကြယ်သော သောက်ရေသန့်နှင့် ဆေးကြောရန် ရေများကို သေချာစွာ အလုံအလောက်ထားရှိရပါမည်။
- ထမင်းစားခန်းနှင့် နားနေဆောင်များကို သေချာစွာ စီစဉ်ထားပေးရပါမည်။
- သန့်ရှင်းသပ်ရပ်ပြီး လုံလောက်မှုရှိသော အမျိုးသားနှင့် အမျိုးသမီးအိမ်သာနှင့် ကျင်ငယ်စွန့်ရန်နေရာများကို သေချာကောင်းမွန်စွာ ထားရှိရပါမည်။






## င။ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အလုပ်သမားများ



- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အလုပ်သမားများ၏ ကိုယ်ဝန်ဆောင်ခြင်းနှင့် နို့တိုက်ခြင်းကို ထိခိုက်ပြီး ဘေးအန္တရာယ်ဖြစ်စေမည့် အလုပ်ခိုင်းစေခြင်းအန္တရာယ်များနှင့် ထိတွေ့မှုမရှိစေရေးကို သေချာစွာသတိပြုရမည်။ ဥပမာ- ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အလုပ်၌ အလေးအပင်များ သယ်မခြင်းမပြုရပါ။
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အလုပ်သမားများအတွက် သင့်တော်ကောင်းမွန်ပြီး သက်တောင့်သက်သာရှိစေမည့် ထိုင်ခုံနှင့် အလုပ်စားပွဲများလိုအပ်ပါက အနားယူရန်အစီအမံများကို သေချာစွာ ဆောင်ရွက်ပေးထားရမည်။
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အမျိုးသမီးများအား ညအချိန်တွင် ခိုင်းစေခြင်းမပြုရန် သေချာစွာ ဆောင်ရွက်ထားရမည်။

## လူငယ်များ နှင့် အလုပ်သမားအသစ်များအတွက်



- လူငယ်အလုပ်သမားများ (သို့မဟုတ်) အလုပ်သမားအသစ်များဆိုပါက မိမိတို့လုပ်ကိုင်ရမည့် လုပ်ငန်းတာဝန်များနှင့် ပက်သက်၍ ဘယ်လိုမျိုး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကျန်းမာစွာလုပ်ဆောင်နိုင်မလဲဆိုသည့် အပေါ်တွင် ကြီးကြပ်သူများမှ ညွှန်ကြားချက်ပေးခြင်းနှင့် အသိပေး အကြောင်းကြားခြင်းရှိရမည်။
- သက်ဆိုင်ရာ လုပ်ငန်းတာဝန်များအလိုက် အလုပ်သမားအားလုံးကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပညာပေးနှင့် လက်တွေ့သင်တန်းများကို သေချာစွာတက်ရောက်စေရန် ပြုလုပ်ဆောင်ရွက်ရပါမည်။
- အသစ်ခန့်ထားသည့် အလုပ်သမားများကို လုပ်ငန်းခွင်သို့မဝင်မီ လုပ်ငန်းခွင် အကြိုသင်တန်းပေးပြီး ပုံမှန်အလုပ်သမားများအားလည်း အခါအားလျော်စွာ မွမ်းမံသင်တန်းများပေးခြင်းကို သေချာစွာ ပြုလုပ်ဆောင်ရွက်ရမည်။



FGLLID

VISION ZERO FUND

International Labour Organization

EMBASSY OF DENMARK